**မီဒီယာသတင်းထုတ်ပြန်ချက်**

**ကုလသမဂ္ဂ အဆင့်မြင့်အရာရှိတစ်ဦးက ယင်း၏ ပထမဦးဆုံးအကြိမ် တရားဝင် အလည်အပတ်ခရီးစဉ်အနေဖြင့် မြန်မာနိုင်ငံအား ရွေးချယ်လိုက်ခြင်း**

[ဩဂုတ်လ ၄ ရက် ၊ ရန်ကုန်] – ကုလသမဂ္ဂဖွံ့ဖြိုးရေးအုပ်စု၏ ဥက္ကဋ္ဌဖြစ်သူနှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၏ အုပ်ချုပ်ရေးမှူးဖြစ်သူ အာချင် စတိန်နာ (Achim Steiner) သည် ဩဂုတ်လ ၆ ရက်နေ့မှ ၈ ရက်နေ့အထိ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်မည်ဖြစ်သည်။

၎င်းခရီးစဉ်သည် ၂၀၁၇ခုနှစ် ဇွန်လ၌ ကုလသမဂ္ဂဖွံ့ဖြိုးရေးဆိုင်ရာ အဆင့်မြင့်အရာရှိတစ်ဦးအဖြစ် တာဝန်ဝတ္တရားများကို စတင်ထမ်းဆောင်ချိန်မှစ၍ မစ္စတာ စတိန်နာ၏ ဖွံ့ဖြိုးမှုအစီအစဉ်အကောင်အထည်ဖော်နေသော နိုင်ငံတစ်ခုသို့ ပထမဦးဆုံး တရားဝင်အလည်အပတ်ခရီးစဉ် ဖြစ်လာမည် ဖြစ်ပါသည်။

UNDP သည် ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံများစွာတို့တွင် အဓိကကျသည့်ဖွံ့ဖြိုးမှုမိတ်ဖက်အဖြစ် ဆောင်ရွက်နေသည့် အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ ၎င်းခရီးစဉ်သည် မြန်မာနိုင်ငံ၌ ရင်ဆိုင်ကြုံတွေ့နေရသော ဖွံ့ဖြိုးမှုဆိုင်ရာ စိန်ခေါ်မှုများနှင့် အဆိုပါ စိန်ခေါ်မှုများကိုကျော်လွှားရာတွင် ကုလသမဂ္ဂအနေဖြင့် မည်ကဲ့သို့ ကူညီပံ့ပိုးမှုပေးနိုင်သည်ဆိုသည်ကို နားထောင် လေ့လာနိုင်မည့် အခွင့်အရေးတစ်ခု ဖြစ်ပါသည်။

မစ္စတာ စတိန်နာအနေဖြင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသော ဖွံ့ဖြိုးရေးစနစ်နှင့် UNDP ၏ လုပ်ငန်းများမည်သို့ဆောင်ရွက်နေသည်ကို ပိုမိုနက်ရှိုင်းစွာ သိရှိနားလည်လာမည်ဖြစ်ပြီး၊ အဆိုပါအခြေအနေများတွင် ၂၀၃၀ အစီအစဉ်အား မည်သို့ ဆီလျော်မှုရှိအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ကို ဖော်ထုတ်သွားမည် ဖြစ်သည်။

မစ္စတာ စတိန်နာသည် ဩဂုတ်လ (၈) ရက်နေ့တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အပြင် အခြားသော အစိုးရဝန်ကြီးများနှင့် တွေ့ဆုံမည်ဖြစ်သည်။

ဩဂုတ်လ (၇) ရက်နေ့တွင် မစ္စတာ စတိန်နာသည် မြန်မာနိုင်ငံအတွက် ပိုမိုကောင်းမွန်သော အနာဂတ်တစ်ခု တည်ဆောက်ရာတွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးပန်းတိုင်များ (SDGs) ၏ အခန်းကဏ္ဍနှင့်စပ်လျဉ်း၍ ရန်ကုန်တက္ကသိုလ်၌ ကျောင်းသူ/ကျောင်းသားများအား မိန့်ခွန်းပြောကြားမည် ဖြစ်သည်။

မစ္စတာ စတိန်နာ နှင့်အတူ ကုလသမဂ္ဂ ဌာနေညှိနှိုင်းရေးမှူးနှင့် UNDP ဌာနေကိုယ်စားလှယ် ရီနားတား လော့ခ် ဒက်ဆယ်လီယမ် လည်း အတူလိုက်ပါလာမည်ဖြစ်သည်။

သတင်းအချက်အလက်များ ပိုမိုသိရှိလိုပါက ဆက်သွယ်ရန် -
ကုလသမဂ္ဂရုံး - စတန်နီလဗ် ဆယ်လင်း ၊ stanislav.saling@one.un.org;
UNDP: ရှော့ဘ်နာ ဒက်လွိုက်ထရီ ၊ shobhna.decloitre@undp.org;
UNIC ရန်ကုန် - ဦးအေးဝင်း ၊ wina@un.org

**ကိုယ်ရေးအချက်အလက်များ - အာချင် စတိန်နာ (Achim Steiner) ၊ UNDP အုပ်ချုပ်ရေးမှူး**

အာချင်စတိန်နာသည် ၂၀၁၇ ခုနှစ် ဇွန်လ (၁၉) ရက်နေ့တွင် UNDP အုပ်ချုပ်ရေးမှူး ဖြစ်လာခဲ့ပြီး၊ (၄) နှစ်သက်တမ်းအတွက် တာဝန်ထမ်းဆောင်မည်ဖြစ်သည်။ အထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီရို ဂုတာရက်စ် က ယင်း၏ အမည်အား အဆိုတင်သွင်းပြီးနောက် ၂၀၁၇ ခုနှစ် ဧပြီလ (၁၉) ရက်နေ့တွင် အဆိုပါအမည် တင် သွင်းမှုအား ကုလသမဂ္ဂအထွေထွေညီလာခံက အတည်ပြုပေးခဲ့ပါသည်။

UNDP ၏ အုပ်ချုပ်ရေးမှူးဖြစ်သောကြောင့် မစ္စတာ စတိန်နာသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ပံ့ပိုးကူညီမှုပေးနေသော ကုလသမဂ္ဂ ရန်ပုံငွေအဖွဲ့များ၊ အစီအစဉ်များ၊ အထူးအေဂျင်စီများ နှင့် အခြားသော အဖွဲ့အစည်းများ စုစုပေါင်း (၃၂) ခုတို့ ပေါင်းစည်းထားသည့် ကုလသမဂ္ဂဖွံ့ဖြိုးရေးအုပ်စု၏ ဥက္ကဋ္ဌလည်းဖြစ်ပါသည်။

ဆယ်စုနှစ် (၃) ခုနီးပါးအချိန်ကာလအတွင်း အာချင်စတိန်နာသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ ရာသီဥတုဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းရှိရေး နှင့် နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး ကဏ္ဍများတွင် ကမ္ဘာလုံးဆိုင်ရာ ဦးဆောင်သူအဖြစ် ဆောင်ရွက်ခဲ့ပါသည်။ ၎င်းသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး နှင့် တန်းတူညီမျှရှိရေးကဏ္ဍများတွင် မမောနိုင်မပန်းနိုင် ဦးဆောင်ဦးရွက်ပြုဆောင်ရွက်ခဲ့ရုံသာမက၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များအတွက်လည်း ရှေ့တန်းမှ ထောက်ခံတင်ပြခဲ့သူတစ်ဦး ဖြစ်ပါသည်။

UNDP အဖွဲ့တွင် ပါဝင်ဆောင်ရွက်ခြင်း မပြုမီ၊ မစ္စတာ စတိန်နာသည် အောက်စ်ဖို့တက္ကသိုလ် ရှိ Oxford Martin School နှင့် Professorial Fellow of Balliol College တို့တွင် ညွှန်ကြားရေးမှူးအဖြစ် တာဝန်ထမ်း ဆောင်ခဲ့ပါသည်။ မစ္စတာ စတိန်နာသည် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများအား လူသားချင်းစာနာထောက်ထားမှု ရှုထောင့်နှင့် ဖွံ့ဖြိုးရေးရှုထောင့် ၂ မျိုးလုံးတို့မှ ကြည့်ရှုလျှက် ကုလသမဂ္ဂအဖွဲ့အစည်းအတွင်း လုပ်ကိုင်ဆောင် ရွက်ခဲ့သူတစ်ဦးဖြစ်ပါသည်။ ၎င်းသည် အစိုးရအဖွဲ့အစည်းများအား သန့်ရှင်းသောနည်းပညာများနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍတို့တွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ဆောင်ရွက်နိုင်စေရန် ပံ့ပိုးကူညီပေးရင်း ကုလသမဂ္ဂ ပတ်ဝန်းကျင်ဆိုင်ရာအစီအစဉ်ကိုလည်း ဦးဆောင်မှုပေးခဲ့ပါသည် (၂၀၀၆ မှ ၂၀၁၆ ခုနှစ်ထိ)။ ၎င်းသည် နိုင်ရိုဘီ ရှိ ကုလသမဂ္ဂရုံး၏ ညွှန်ကြားရေးမှူးချုပ်အဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ယခင်က အာချင်စတိန်နာ သည် သဘာဝထိန်းသိမ်းရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာသမဂ္ဂအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်၊ ဆည်များဆိုင်ရာ ကမ္ဘာ့ကော်မရှင်၏ အထွေထွေအတွင်းရေးမှူး ရာထူးများအပါအဝင် အခြား ထင်ရှားသော ရာထူးနေရာများတွင် လည်း ထမ်းဆောင်ခဲ့ပါသည်။

အာချင်စတိန်နာသည် အာဖရိက၊ အာရှ၊ အရှေ့အလယ်ပိုင်း၊ ဥရောပ၊ လက်တင်အမေရိက နှင့် အမေရိကန်ပြည်ထောင်စုတို့တွင် နေထိုင် လုပ်ကိုင်ခဲ့ပါသည်။ ၎င်းအနေဖြင့် ယုတ္တိဗေဒ၊ နိုင်ငံရေးပညာ နှင့် စီးပွားရေးပညာ ဘွဲ့ (မဟာဘွဲ့) တို့ကို အောက်ဖို့တက္ကသိုလ် Worcester College မှ ရရှိခဲ့ပြီး၊ University of London/School of Oriental and African Studies (SOAS)မှ မဟာဘွဲ့ ရရှိခဲ့ပါသည်။
အာချင်စတိန်နာကို ဘရာဇီးနိုင်ငံတွင် မွေးဖွားခဲ့ပြီး၊ ဘရာဇီးနှင့် ဂျာမန် နိုင်ငံသားအဖြစ် ခံယူထားပါသည်။

**UNDP အုပ်ချုပ်ရေးမှူးရာထူးအကြောင်း**

UNDP အုပ်ချုပ်ရေးမှူးရာထူးကို (၄) နှစ် သက်တမ်းအတွက် အထွေထွေအတွင်းရေးမှူးချုပ်က ခန့်အပ်ပြီး၊ အထွေထွေညီလာခံက အတည်ပြုခြင်းဖြစ်ပါသည်။